# BNI Multimedia Group

## သတင်းထုတ်ပြန်ခြင်း

ရိုက်တာသတင်းဌာန၏ သတင်းထောက်နှစ်ဦးဖြစ်သော သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦးတို့အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံးမှ မြန်မာနိုင်ငံ လျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ - ၃ (၁) (ဂ) ဖြင့် ထောင်ဒဏ်(၇)နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်ခြင်းအပေါ် မိမိတို့ မှ များစွာစိတ်ပျက်ရပါကြောင်းနှင့် မြန်မာနိုင်ငံ သတင်းလွတ်လပ်ခွင့်အတွက် စိုးရိမ်စရာဖြစ်ကြောင်း ရှုမြင်ပါသည်။

နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF)၏ သတင်းလွတ်လပ်ခွင့်ဆိုင်ရာထုတ်ပြန်ချက်အရ မြန်မာ့သတင်းလွတ်လပ်ခွင့်အဆင့်သည် (၁၄၀) အောက်တွင် ကျရောက်နေပြီး ယခုကဲ့သို့သော ဖြစ်ရပ်မျိုးသည် မြန်မာ့သတင်းလွတ်လပ်ခွင့်အဆင့်နိမ့်ကျစေမှုဆက်လက်ဖြစ်ပေါ်လာမည်ကို စိုးရိမ်မိပါသည်။

ယခုကဲ့သို့ စုံစမ်းဖော်ထုတ်သတင်းရေးသားခြင်း၊ လွတ်လပ်စွာသတင်းရယူခြင်းအပေါ် ခြိမ်းခြောက်မှုအခြေအနေမှသည် ပြစ်ဒဏ်ချမှတ်လာသည့် အခြေအနေကို ရောက်ရှိလာသည်မှာ အနာဂတ် မြန်မာ့မီဒီယာ လောက၏ လွတ်လပ်စွာရှင်သန်ကြီးထွားလာရေးကို လွန်စွာအဟန့်အတားဖြစ်စေသည်ဟု မှတ်ယူပါသည်။

လွတ်လပ်စွာသတင်းရယူခွင့်၊ လွတ်လပ်စွာသတင်းရေးသားထုတ်ဖော်ပိုင်ခွင့်ကို ဖိနှိပ်ဟန့်တားနေသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန်၊ လွတ်လပ်ပြီး တရားမျှတသော တရားစီရင်ရေးဝန်းကျင် ဖြစ်ပေါ်စေရန်နှင့် ထောင်ဒဏ်ကျခံခဲ့ရသော သတင်းထောက်များအား အမြန်ဆုံးပြန်လည်လွှတ်ပေးရန် စသည့် အချက်များကို ပြည်ထောင်စုအစိုးရထံ တိုက်တွန်း တောင်းဆိုပါသည်။

လွတ်လပ်စွာ စုံစမ်းဖော်ထုတ်ရေးသားခြင်းသည် ဒီမိုကရေစီ၏ အသက်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအခြေခိုင်စေရေးအတွက် လွတ်လပ်စွာ စုံစမ်းဖော်ထုတ်ရေးသားခြင်းကို အာမခံနိုင်သောအစုအဖွဲ့အဖြစ် ခိုင်မာရောက်ရှိစေရန် ရည်တည်ကြိုးပမ်းကြရန် မြန်မာနိုင်ငံတရားစီရင်ရေးစနစ်၏ တာဝန်ရှိသူများကိုလည်း တိုက်တွန်းပါသည်။

205/206,6c,Damayone street,
Royal Zawtika Condo,
Thingangyun Township.

www.bnionline.net
Email: ygnoffice@bnionline.net
Phone: +95 (0)9 4500 44624